ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

info@nugmyanmar.org

သတင်းထုတ်ပြန်ချက် (၁/၂၀၂၁)

၃၀ မေ ၂၀၂၁ခုနှစ်

၁။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ တာဝန်ဝတ္တရားများကို လိုက်နာ ဆောင်ရွက်မှု ရှိကြောင်း ခိုင်မာစေရန် မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရသည် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice) နှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ အရပ်သား အစိုးရသည် ၂၀၁၆- ၂၀၁၇ ခုနှစ်များအတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးခဲ့သည့် ရိုဟင်ဂျာပြည်သူများ၏ ခက်ခဲကြမ်းတမ်းသော အခြေအနေများအပေါ် လွန်စွာ စိုးရိမ်ပူပန်လျက် ရှိပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးအရအဖြစ် များစွာသော တာဝန်များရှိသည့်အနက် တရားရုံး၏ရှေ့မှောက်တွင် ကိုယ်စားပြုခွင့် ဆက်လက် ရရှိနိုင်ရန် နှင့် တရားရုံးမှ ချမှတ်ထားသည့် အချိန်ဇယားကို သတိချပ်ရန် တာဝန်ရှိပါသည်။

၃။ တစ်ဖက်တွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ဖေဖော်ဝါရီလ ၁ ရက် နေ့မှစ၍ နိုင်ငံအတွင်း အာဏာသိမ်းမှုပေါ်ပေါက်လာခဲ့ပြီးနောက် ဖြစ်ပေါ်လာခဲ့သော သတ်ဖြတ်မှုများ၊ နှိပ်စက်ညှင်းပန်းမှုများနှင့် အရပ်သား ပြည်သူ များအပေါ် ကျူးလွန်ခဲ့သည့် အခြားရာဇဝတ်မှုများအတွက် အပြည်ပြည် ဆိုင်ရာ ရာဇဝတ်တရားရုံး၏ တရားစီရင်မှုအား ခံယူနိုင်ရေးကိုလည်း အလေးအနက်ထား စဉ်းစားဆောင်ရွက်လျက် ရှိပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် လူသားအားလုံး၏ အခြေခံ အခွင့်အရေး နှင့် တန်းတူညီမျှ ရှိရေးကို အပြည့်အဝ လေးစားလိုက်နာလျက် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုကာ အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးနှင့် ဆက်လက် အနီးကပ်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။